လှိုင်စာပေ

မြပုလဲခင်



# သဒ္ဓါသက်နှင့်ကြည်ဖြူချစ်ခြင်း

လုံးချင်းဝတ္ထုသစ်

# အပိုင်း(၁)

## အခန်း(၁)

'သား လွှန်း ကျောင်းဆင်းတာနဲ့ အိမ်ကို တန်းတန်းမတ်မတ် ပြန်လာခဲ့ရမယ်နော်"

သူ ကျောင်းသွားရန် နံနက်စာကို ကမန်းကတန်း စားသောက်နေစဉ် မေမေက သူလိုအပ် သည် များကို ဖြည့်ဆည်းပေးရင်းမှ သူ့အား မှာလိုက်သဖြင့်. . .

'ဟာ မေမေကလည်း သား ဘောလုံးကန်ပြီးမှ ပြန်ခဲ့မယ်"

'တစ်နေ့တလေ မကန်ပါနဲ့ လား သားရယ်"

'ဘာဖြစ်လို့ လဲ မေမေရ"

သူက ပေါင်မုန့်မီးကင်ထောပတ်သုတ်ကို ပါးစပ်ထဲထိုးထည့်ပြီး အာလုတ်သံနှင့် မေးလိုက် လေသည် ။

'အစားစားရင်း စကားမပြောနဲ့ လေ"

'မေမေပဲ လာပြောနေပြီး"

မေမေက သူ့ခေါင်းကို ချစ်စနိုးပုတ် လိုက်လေသည် ။

‘သား မင်းလိုချင်တဲ့ အဖော်ရတော့မယ်"

မေမေ၏ ပြုံးရွှင်နေသော မျက်နှာနှင့် တက်ကြွနေသော အသွင်သဏ္ဌာန်တို့ ကို သူနားမလည် နိုင်ချေ။

အသက်ကလည်း ၉ နှစ်ကျော်သာ ရှိသေးသည် ကိုး။

မျက်လုံးအပြူးသားနှင့် မေမေ့အား နားမလည်စွာ သူကြည့် လိုက်လေသည် ။

‘သြော် သားအတွက် ညီမလေး ရတော့မယ်"

‘ဟင်"

သူက မေမေ့ဗိုက်ကို ကြည့်လိုက်သည် ။

‘ပူလည်း ပူပဲနဲ့ "

ဟု စိတ်ထဲကပြောရင်း သူ့သူငယ်ချင်း အမေများ ၏ ဗိုက်က တစ်နေ့တခြား ပူပူလာသည် ကို သတိရကာ နောက်တော့ မေမေ့ဗိုက်လည်း ပူလာမှာ ပေါ့ဟု တွေးမိကာ. . .

‘ညီမလေး မယူဘူး၊ ညီလေးပဲ ယူမယ် ဒါပဲ"

စားခြင်းကို လက်စသတ်လိုက်ပြီး ကော်ဖီ နွေးနွေးကို တစ်ကျိုက်တည်း မော့သောက်လိုက် သည် ။

‘ညီလေး မရဘူး၊ ညီမလေးပဲ ရမယ်၊ ညနေရမယ်"

‘ဟင်"

သူ ခေါင်းထဲ ရှုပ်ထွေးသွားလေသည် ။

'မေမေ့ဗိုက်လည်း မပူဘဲနဲ့ ဘယ်က ညီမလေး ရရမှ လဲ သွားတော့မယ်"

သူက မေမေပြင်ဆင်ပေးထားသော ကျောပိုးအိတ်ကိုလွယ်၊ ထမင်းချိုင့်ကိုဆွဲကာ အိမ်ထဲမှ ပြေးထွက်ခဲ့လေသည်။

'ဟဲ့ ဟဲ့ ဖြည်းဖြည်း ဖြည်းဖြည်း ဒီကလေး လဲတော့မှာ ပဲ၊ စောစော ပြန်လာခဲ့နော် သား"

မေမေ့အသံက သူ့နောက်ပါးသို့ ကပ်ငြိပါလာသော်လည်း သူ တုံ့ပြန်ကာ ပြန်မပြောတော့ဘဲ ကျောင်းသို့ရောက်စေရန်သာ ပြေးထွက်ခဲ့လေသည်။

တစ်လမ်းကျော်၌ ရှိသော မူလတန်းကျောင်းလေးသို့ ဘယ်သူမှ ပို့စရာမလိုဘဲ သူသွားတတ် လေသည်။ သူငယ်တန်းနှင့် တစ်တန်းလောက်အထိပဲ မေမေသော်လည်းကောင်း၊ ဒေါ်စိန်သော် လည်းကောင်း လိုက်ပို့ပေးသည်။ နှစ်တန်းကစ၍ သူ့ဘာသာသူ ကျောင်းသို့သွားသည်။

အပြန်ကိုတော့ သူ နည်းနည်းနောက်ကျသည် နှင့် ဒေါ်စိန်သော်လည်းကောင်း၊ မေမေ သော်လည်းကောင်း လိုက်လာတတ်သည်။

လမ်းလျှောက်ရင်း သူငယ်ချင်းတွေနှင့်တွေ့တော့ မေမေပြောသော ညီမလေးအကြောင်း ပျောက်သွားခဲ့လေသည်။

ညနေ ကျောင်းဆင်းတော့. . .ထုံးစံအတိုင်း မူလတန်းကျောင်း၏ နှစ်ကြီးသမားများ ဖြစ်သော သူတို့ လေးတန်းအုပ်စုသည် ကျောင်း၏ အားကစားကွင်းကို အပိုင်စီးကာ ချွေးအလူးလူး၊ ဖုန်အလူးလူးနှင့် ဂိုးသွင်းနိုင်ရေး သဲသဲမဲမဲ ကြိုးပမ်းကြလေသည်။

အိမ်ပြန်တော့ ထုံးစံအတိုင်း အဖြူ၊ အစိမ်းဟု ခေါ်ဆိုပင် မရနိုင်

တော့သော လက်နှီးရောင် ဝတ်စုံနှင့် သူပြန်လာခဲ့လေသည် ။

အိမ်ရှေ့၌ ဖေဖေ့ကားကို တွေ့လိုက်ရသဖြင့် ဖေဖေပြန်ရောက်နေပြီ ဟု သိလိုက်ရသည် ။

သူ ဝမ်းသာအားရ အိမ်ပေါ်သို့ ပြေးတက်ခဲ့လေသည် ။

'ဖေဖေ ဖေဖေ ပြန် လာပြီကွ"

'ဟဲ့ ဟဲ့ ကြမ်းတွေ ပေကုန်ပါပြီ၊ နောက်ဖေးက တက်တာ မဟုတ်ဘူး ကွဲပေါက်လေးရဲ့ "

မေမေက မျက်လုံးပြူး မျက်ဆန်ပြူး လှမ်းအော်လေသည် ။ သူအ ရေးမစိုက်။

သို့သော် ဧည့်ခန်းထဲရှိမြင်ကွင်းက သူ့အား ဆွဲဆောင်လိုက်သဖြင့် သူ ပေတီးပေကတ် ရပ်နေ လိုက်သည် ။ ကောင်မလေးတစ်ယောက်က မေ မေ့နားမှာ ကပ်လျက်၊ မေမေက ကောင်မလေးကို ဖက်ထားသည် ။ ဖေ ဖေက. . .

'သား ဒီနေ့ အနိုင်ရလား ခြေထောက်နဲ့ ဘောလုံး ဘယ်နှချက်ထိခဲ့သ လဲ ဟား ဟား"

ဖေဖေ့မေးခွန်းကို သူစိတ်မဝင်စား။ မေမေ့ရင်ခွင်ထဲ တစ်ဝက် ရောက်နေသော ကောင်မလေး ကိုသာ သဲသဲမဲမဲ စိုက်ကြည့်နေမိသည် ။

မျက်လုံးဝိုင်းဝိုင်း၊ မျက်တောင်ရှည်ရှည်၊ မျက်နှာဝိုင်းဝိုင်း၊ အသားနီ နီနှင့် ကောင်မလေး။ ပါး၌ ချိုင့်နေသေးသည် ။ ပါးချိုင့်ဟု ခေါ်သည် ထင်သည် ။

'သား. . .ဒီမှာ သားညီမလေးလေ ချစ်စရာမကောင်းဘူးလား"

'မယူဘူး သားက ညီလေးပဲယူမယ် ပြန်ထားလိုက်၊ ညီလေးပဲ မွေးပေး"

သူကျောပိုးအိတ်နှင့် ချိုင့်ကို ပစ်ချခဲ့ပြီး အိမ်အပေါ်ထပ်သို့ ပြေးတက်ခဲ့လေသည် ။

'ဟာ ဒီကောင်"

'သား နေဦးလေ"

ဖေဖေနှင့်မေမေ့ အသံများကို သူ ဥပေက္ခာပြုလိုက်သည် ။ သူ အိပ်ခန်းထဲပြေးဝင်၊ တံခါးပိတ်၊ ရေချိုးခန်းထဲဝင်ကာ ရေပန်းအောက် ဝင်လိုက်သည် ။ နောက် အဝတ်အစားချွတ်ပြီး ရေချိုးကြွေဇလုံ ထဲဆင်းကာ ရေစိမ်လိုက်သည် ။

'သားရေ မြန်မြန်လုပ် အအေးမိမယ်"

မေမေ တံခါးလာခေါက်ပြီး သူ့အား ပြောသည် ကို သူ မကြားချင်ဟန်ဆောင်နေလိုက်သည် ။

'တကယ့်ကို ကျွဲလေး၊ ရွှံ့လူးပြီး တက်လာတဲ့ အတိုင်းပဲ။ တစ်အိမ်လုံး ဗွက်ပေါက်ကောပဲ နေ နေ သမီးလေးမလုပ်နဲ့ မေမေလုပ်မယ်"

'ရပါတယ် သမီးလုပ်တတ်ပါတယ် မေမေ"

သူ့ခြေရာတွေကို မေမေလိုက်သုတ်နေရပြီ။ ကောင်မလေးက 'မေမေ"တဲ့ ။

သူ ရင်ထဲ မကျေမနပ်ခံစားနေရသည် ။

'သမီးလေးက လိမ္မာလိုက်တာကွယ်၊ ကိုကိုနဲ့ တခြားစီပဲ"

သူ မကျေမနပ်နှင့် ရေချိုးခန်းက ထွက်လိုက်သည် ။ မေမေ ရှိမနေ။

ကောင်မလေးက သူ့ ခြေရာများကို အဝတ်စုတ်တစ်ခုဖြင့် လိုက်သုတ်နေသည် ။

'ဟော့ ဟော့ကောင်မလေး"

'ရှင် ကိုကို"

မျက်လုံးအဝိုင်းသားဖြင့် သူ့အား မော့ကြည့် လိုက်လေသည် ။

'နင် ငါ့ကို ကိုကိုလို့ မခေါ်နဲ့ "

'ဘာဖြစ်လို့ လဲ ကိုကို၊ ဖေဖေနဲ့ မေမေက ကိုကို့ကို ကိုကိုလို့ ပဲ ခေါ်ရမယ်တဲ့ "

'ရှည်တယ်ကွာ၊ သွား သွား ငါ့အခန်းထဲက ထွက်သွား"

'သွားမယ် သွားမယ် ဒီခြေရာလေး သုတ်ပြီးရင် သွားမယ်"

ကောင်မလေးက သူ့အားမကြည့်တော့ဘဲ ကြမ်းပြင်မှ ခြေရာကို ကုန်းရုန်းကာ သုတ်ပြီး သူ့ အခန်းထဲမှ ပြေးထွက်သွားလေသည် ။ သူ ကောင်မလေး၏ နောက်ကျောကိုငေးကြည့်ရင်း ကျန်ရစ်ခဲ့ လေသည် ။

ကောင်မလေးနေရာ၌ ကောင်လေးတစ်ယောက်ဆိုလျှင် ပိုကောင်းလိမ့်မည်ထင်သည် ။ သူနှင့် ကစားဖော်ရပြီ။ မေမေတို့ ကလည်း ဘာဖြစ်လို့ များ သမီးမွေးစားရတာလဲ။ သားတစ်ယောက်လောက် ထပ်မွေးစားရင် ပြီးရော။ လွန်းတင် မိဘနှစ်ပါးအပေါ် မကျေမနပ် ဖြစ်မိလေသည် ။

***

# အခန်း(၂)

မေမေ့ခြေသံကြောင့် သူအိပ်ချင်ဟန်ဆောင်နေလိုက်သည်။ သို့သော် . . .

'သား အိပ်နေပြီလား၊ မအိပ်သေးပါဘူး မျက်ခွံကြီးကို ဖွတ်မှိတ်ထားတာ မေမေသိတယ် နော်၊ လူဆိုးလေး ထ နွားနို့သောက်ဦး"

မေမေ့ကို သူညာ၍ မရသဖြင့် ရယ်ကျဲကျဲလုပ်ကာ ထ လိုက်လေသည်။ မေမေယူလာပေးသော နွားနို့နွေးနွေးလေးကို သောက်ချလိုက်သည်။

'သားကို မေမေ ပုံပြင်တစ်ပုဒ်ပြောပြမယ်၊ သေသေချာချာ နားထောင်နော်"

'ဟုတ်ကဲ့"

'သားဖေဖေ သစ်တောကြိုးဝိုင်းမှာ တာဝန်ကျတုန်းက သစ်ခိုးဂိုဏ်းနဲ့ တွေ့ပြီး အသက် ရန်ရှာခံရဖူးတယ်၊ သားမှတ်မိလား"

'မှတ်မိပါတယ် မေမေ၊ သိပ်မှ မကြာသေးတာ သားငယ်ငယ်ကပဲ အဲဒါနဲ့ ပုံပြင် ဘာဆိုင်လို့ လဲ"

'ဆိုင်တာပေါ့ အဲဒီကိစ္စဟာ ပုံပြင်တစ်ပုဒ်လိုပဲ ဖေဖေက သေကံမ

ရောက် သက်မပျောက်ခဲ့တာ လေ သား၊ အဲဒီတုန်းက သားအဖေ အသက်ကို စွန့်စွန့်စားစား ကယ်ခဲ့တဲ့ တောခေါင်းတစ်ဦးရှိတယ်။ ဦးဘဆက်တဲ့ ။ ဦးဘဆက်ကြောင့် သားအဖေ အသက်ရှင်ပြီး ပြန်ရောက်လာခဲ့တာ။ အဲဒီ ဦးဘဆက် မှာ မိတဆိုးသမီးလေးရှိတယ်၊ ပြီးခဲ့တဲ့ အပတ်က ဦးဘဆက်ဆီက သံကြိုးလာလို့ ဖေဖေ လိုက်သွား တာ"

သူနားထောင်နေသည် ။ မေမေ ဘာတွေပြောနေသည် ကို သူနားမလည်သေး။

'ဦးဘဆက်က ငှက်ဖျားပိုးက ခေါင်းထဲရောက်နေပြီ။ ဆုံးခါနီး သားဖေဖေ့ကို ခေါ်ခိုင်းလို့ လုပ်ဖော်ကိုင်ဖက်တွေက သံကြိုးရိုက်ပေးလိုက်တာ"

ဖေဖေ ခရီးထွက်သွားတာ ဒါကြောင့်ကိုးဟု သူသဘောပေါက်လိုက်သည် ။

'သားဖေဖေ ရောက်သွားတော့ ဦးဘဆက် အသက်မီရုံလေးပဲ၊ ဦးဘဆက်က သူ့သမီး ကလေးကို သားဖေဖေဆီ အပ်သွားပြီး အသက်ထွက်သွားခဲ့တယ်"

'ဟိုကောင်မလေးပေါ့"

'ဘာဖြစ်လို့ ကောင်မလေးလို့ ခေါ်ရတာလဲ သားရယ်၊ သားညီမလေး ဖြစ်သွားပြီလေ။ ညီမလေးလို့ ခေါ်ရမှာ ပေါ့။ ညီမလေးရဲ့ အဖေက သားဖေဖေရဲ့ အသက်သခင်ကျေးဇူးရှင် ဖြစ်တယ်။ ဒါကြောင့် သူ့အမေကလည်း မွေးမွေးချင်း မီးတွင်းထဲမှာ ပဲ ဆုံးသွားတယ်၊ သူ့အဖေကလည်း ဆုံးသွားပြန်ပြီဆိုတော့ ဒီကလေးမလေးကို မေမေတို့ မှ မမွေးစားရင် ဘယ်လိုလုပ်မလဲသား"

‘သူ့မှာ အမျိုးတွေ မရှိဘူးလား"

‘ရှိသလား မရှိဘူးလား မေမေလည်း မမေးသလို ဖေဖေကလည်း မမေးဘူး။ ဘာဖြစ်လို့ လဲ ဆိုတော့ မေမေတို့ မှာ နောက်ထပ်သားသမီးမရနိုင်တော့တဲ့ အတွက် သမီးမိန်းကလေးလိုချင်နေတာ ခုတော့ ရေကန်အသင့် ကြာအသင့်ပေါ့သားရယ်၊ ဒီတော့ မေမေပြောချင်တာ ညီမလေးကို သား ညီမလေးအရင်းလိုပဲ သဘောထားစောင့်ရှောက်ရမယ်၊ ရန်မလုပ်ရဘူး အနိုင်မကျင့်ရဘူး ကြားလား"

မေမေက သူ့ခေါင်းက ဆံပင်များကိုသပ်ပေးရင်း သူ့အား မမောနိုင်မပန်းနိုင်ရှင်းပြပြီး အမိန့် ပေးနေလေသည် ။ သူက သူ့အပေါ်ပုံ၍ ချစ်ထားကြသောအချစ်တွေကို ဖေဖေနှင့် မေမေက သူစိမ်း ကောင်မလေးကို ခွဲဝေပေးလိုက်မှာ စိုးရိမ်သည် ။

‘မေမေ သားနဲ့ အိပ်’

‘လူပျိုပဲဖြစ်တော့မယ် ညီမလေးက ဒီနေ့မှ ရောက်တာဆိုတော့ သူ့ကိုသွားကြည့်လိုက်ဦး မယ်’

‘ဟာဗျာ ဘာကြည့်စရာလိုလို့ လဲ သူ့ကို ဒေါ်စိန်နဲ့ သိပ်လိုက်ပေါ့’

‘ပြောလေ ကဲလေပါလား၊ သူဟာ ဒေါ်စိန့်သမီး မဟုတ်ဘူး ၊ မေမေတို့ သမီး။ ဒေါ်စိန်တို့  အိပ်တဲ့ မီးဖိုချောင်မှာ မသိပ်နိုင်ဘူး။ သားနော် အဲဒီလို ခွဲခြမ်းခွဲခြမ်းလုပ်တာ မေမေမကြိုက်ဘူး၊ ယောကျ်ားဆိုတာ သဘောထားကြီးရတယ် စိတ်မပုပ်ရဘူး’

‘သား ဘာစိတ်ပုပ်လို့ လဲ’

‘စိတ်ပုပ်တာပေါ့ ညီမလေးကို ဒုက္ခရောက်လာလို့ ကိုယ့်အိမ်မှာ လာရောက်ခိုလှုံတဲ့ ကလေး ကို မကြည်ဖြူဘူး၊ သဘောမကျဘူး ရန်လုပ်ချင်

တယ်ဆိုတာ စိတ်ပုပ်တာ၊ သဘောထားသေးတာလို့ ခေါ်တယ်၊ အဲဒီလိုစိတ်ထားမျိုး မထားရဘူး’

သူ သုန်သုန်မှုန်မှုန်နှင့် မေမေ့မျက်နှာကို ကြည့်လိုက်ရာမှ တစ်ဖက်လှည့်ကာ ခေါင်းမြီးခြုံအိပ် လိုက်သည်။

‘ကိုင်း အိပ်တော့ မအိပ်ချင်လည်း အိပ်၊ အိပ်ချင်လည်း အိပ်၊ စိတ်ပုပ်လေး’

မေမေ့ခြေသံကြားမှ သူ ဆတ်ခနဲ စောင်ကိုခေါင်းပေါ်မှ ဖယ်ရှားပြီး

‘မေမေ’

‘ဘာလဲ’

အခန်းဝရောက်နေသော မေမေက သူ့အား လှည့်ကြည့်လိုက်သည်။

‘ကောင်မလေးကို ဘယ်အခန်းမှာ သိပ်မှာ လဲ မေမေတို့ နဲ့ သိပ်တာလား’

‘သိပ်ပါဘူး၊ သားဘေးနားက အခန်းမှာ ပေါ့၊ ညီမလေးကို သွားမစနဲ့နော်’

‘သူ့နာမည်က ဘယ်သူလဲ’

‘ထားထားဆက်’

‘ဟင် နာမည်ကြီးကလဲ’

‘လူကြီးဆန်နေလို့ လား ကြီးလာတော့ သိပ်လှသွားမယ့် နာမည်ပဲ၊ ဘာဖြစ်လို့ လဲဆိုတော့ သားညီမလေးက သိပ်ကိုလှတဲ့ မိန်းမချောလေး တစ်ယောက် ဖြစ်လာမှာ ပဲ၊ ခုတောင် ချစ်မွေးပါလို့ ဖေဖေကော မေမေကော အရမ်းချစ်သွားကြပြီ အားလုံးက ဝိုင်းချစ်ကြမှာ ပဲ’

‘သားတော့. . .’

‘မချစ်ပေါင်’ဟူသော နောက်ဆက်တွဲစကားကို သူဆက်မပြောရဲတော့။

အဘယ်ကြောင့် ဆိုသော် မေမေက သူ့အား ‘စိတ်ပုပ်ကလေး’ဟု ခေါ်ကာ မျက်စောင်းထိုး လိုက်မှာ ကို သူစိုးရိမ်သည် ။ ထို့ကြောင့် ဘာမှ ဆက်မပြောတော့ဘဲ ခေါင်းမြီးပြန်ခြုံလိုက်သည် ။ ဒီ ကောင်မလေး ရောက်လာတာကိုက သူ့ရပိုင်ခွင့်တွေ ဆုံးရှုံးသွားသလို ခံစားရလေသည် ။

လွန်းတင် လုံး၀ မကျေနပ်နိုင်။

တော်တော်ရှုပ်တဲ့ ကောင်မလေး။

သူ့အဖေတွေ အမေတွေက ဘာဖြစ်လို့ များ အစောကြီး သေသွားရတာလဲ မသိပါဘူးဟု တွေးရင်း သူအိပ်ပျော်သွားလေသည် ။

***

# အခန်း(၃)

ထားထားဆက် အိပ်၍ မပျော်။

ဖေဖေ သေသွားပြီတဲ့ ။ ဖေဖေ့ကို မြေမြှုပ်ပစ်လိုက်ကြသည် ။

'ဖေဖေ့ကို မြေကြီးထဲမမြှုပ်ကြပါနဲ့ မမြှုပ်ကြပါနဲ့ သမီးဖေဖေကို ပြန်ဖော်ပေး၊ ပြန်ပေး'

ဟု သူ တဆာဆာအော်ရင်း ငိုယိုခဲ့သည် ။ နောက်ဆုံး မောမောနှင့် အိပ်ပျော်သွားခဲ့သည် ။

နိုးလာတော့. . .ကားတစ်စီးပေါ်က လူကြီးတစ်ဦး၏ ပေါင်ပေါ်မှာ သူ အိပ်ပျော်နေသည် ဟု သိလိုက်ရပြီး ကြောက်ရွံ့သွားခဲ့သဖြင့် ငြိမ်ငြိမ်ကလေး အိပ်ချင်ဟန်ဆောင်နေခဲ့သည် ။

လူကြီးက သူ့နဖူးမှ ဆံစကလေးများကို သပ်တင်ပေးလိုက်၊ နဖူးကိုစမ်းသပ်ကြည့်လိုက်နှင့် အလုပ်များ နေလေသည် ။

'သနားစရာကောင်းလိုက်တဲ့ ကလေးမလေးနော် ဆရာ ဆရာ သူ့ကို မွေးစားမလို့ လား'

ကားမောင်းနေသော လူကြီးက မေးလိုက်သံကို ထားထားဆက် ကြားလိုက်ရသည် ။

‘အေးပေါ့ ငါတို့ ပဲ မွေးမယ်၊ သူ့အမျိုးတွေရှိလည်း တာဝန်ယူနိုင်ကြမှာ မဟုတ်ပါဘူး၊ ငါပဲ တာဝန်ယူမယ်။ သူ့အဖေပေးတဲ့ အသက်ကြောင့် ငါ ခုထက်ထိ အသက်ဆက်ရှင်နေနိုင်ခဲ့တာပဲ ကိုလူဝ။ ဒီကျေးဇူးလည်း ပါတယ်၊ ဒါထက်ကို သမီးလိုချင်တဲ့ ခင်ဗျားတို့ ဆရာကတော်အတွက် လည်း ကံကြမ္မာကပေးတဲ့ ဆုလက်ဆောင်အဖြစ် မှတ်ယူရတာပဲ’

ထားထားဆက် နားမလည်။ ဘာတွေပြောနေသည် ကို မသိ။

ညောင်းလာသဖြင့် လူးလွန့်လိုက်ရုံနှင့်. . .

‘ဟော သမီးလေး နိုး လာပြီ၊ ကိုလူဝ ကားခဏရပ်ဦး၊ သမီးလေးကို မျက်နှာသစ်ပေးရ အောင်’

‘ဟုတ်ကဲ့ ဆရာ’

ထားထားဆက် မငိုရဲတော့။ ဖေဖေမှ မရှိတော့တာ။ လူစိမ်းနှစ်ဦး ကြောင့် ကြောက်ရွံ့နေသည် ။ လူဆိုးတွေလား။

‘၅’ နှစ်ကျော်ကျော် အရွယ်လေးဖြစ်၍ ဘာကိုမှ နားမလည်သေး။

‘သမီး ရော့ မျက်နှာသစ်လိုက်’

ရေသန့်ပုလင်းထဲမှ ရေတွေနှင့် သူ့အား မျက်နှာသစ်ခိုင်းသည် ။

သူ သစ်လိုက်သည် ။ နောက် မွှေးနေသော အဝတ်စဖြူဖြူလေးနှင့် သူ့မျက်နှာကို သုတ်ပေး သည် ။

‘ကိုလူဝ ကြည့်စမ်း၊ ကျုပ်သမီးက မိန်းမချောလေးဗျ၊ သူ့အစ်ကိုမြင် ရင်တော့ သဘောကျမှာ ကျိန်းသေတယ်’

သို့နှင့် ကားပြန်ထွက်တော့. . .

‘သမီး’

‘ရှင်’

‘ဒီနေ့ကစပြီး သမီးဟာ ဖေဖေ့သမီးဖြစ်သွားပြီ’

လူကြီးကို မော့ကြည့်လိုက်သည် ။

ဖေဖေနှင့် ရွယ်တူပါပဲ။

သို့သော် လူကြီးက ဖေဖေ့ထက် အသားဖြူသည် ။

နောက်ပြီး ပြုံးနေသည် ။

သူ့အား မုန့်တွေကျွေးရင်း. . .

‘ရန်ကုန်ရောက်ရင် သမီးမေမေနဲ့ ကိုကိုရယ် တွေ့ရလိမ့်မယ်။ သူတို့ကလည်း သမီးကိုချစ်ကြ လိမ့်မယ်’

သူတမ်းတနေတဲ့ မေမေ့ရင်ခွင်ကို အမှန်တကယ် ရရှိတော့မည်လား ။

ရွာမှာ သူ့ကစားဖော် သူငယ်ချင်းများ ၌ မေမေရှိကြသည် ။ သူတို့ ကစားလို့ ဝလျှင် မေမေ့ရင်ခွင် ကိုပြေးကာ ခိုင်ဝင်၊ ခိုလှုံတတ်ကြသည် ။

သူ့မှာ တော့ အိမ်ရောက်ရင် အဖေပြင်ထားတဲ့ ထမင်းပွဲ အေးတိအေးစက်ကိုစားရင်း ဖေဖေ့ ပြန်အလာကို စောင့်ရင်း အိပ်ပျော်ခဲ့ရသောနေ့ရက်များကို ပြန်လည်မြင်ယောင်လာသည် ။

‘မေမေ၊ ကိုကို’

မေမေအပြင် ကိုကိုပါ ရဦးမည်ဆိုတော့ ထားထားဆက် ပျော်သွားသည် ။

‘ကျောင်း ကျောင်းကော’

‘ကျောင်းကော နေရမှာ ပေ့ါ သမီးရယ်၊ ဖေဖေ သမီးအတွက် ကျောင်းထွက်လက်မှတ် တစ်ခါတည်းယူခဲ့တယ်။ ရန်ကုန်ရောက်ရင် ကိုကိုနဲ့ အတူကျောင်းသွားရမယ်’

ထားထားဆက် ပျော်သွားသည် ။ ကလေးပီပီ အသစ်အဆန်း အတွက် စိတ်ဝင်စားနေလေပြီ။

ရန်ကုန်ရောက်တော့ ‘မေမေ’ကို စတွေ့သည် ။

လှလိုက်တာ။

တောက သူငယ်ချင်း ကစားဖော်တွေရဲ့ အမေတွေနဲ့ လည်း မတူ၊ ဗီဒီယိုကားတွေထဲက မင်းသမီးတွေလို လှသည် ။

တိုက်အိမ်ကြီးကလည်း အကြီးကြီး။

ထားထားဆက်သည် . . .မမျှော်လင့်ဘဲ ပြောင်းလဲလာသော သူ့ဘဝကို သူ မဝံ့မရဲ၊ မယုံမရဲ ကြီးက အံ့သြဝမ်းသာရသည် ။

မေမေနှင့် ဖေဖေအသစ်က သူ့ကိုချစ်သည် ။ ‘သမီးလေး’ဟု နှုတ်ဖျားက မချ။

သို့သော် ထားထားဆက်ကြောက်ရသည် က ‘ကိုကို’ ဖြစ်သည် ။

ကိုကိုသည် သူ့ကို မချစ်ချေ။

သူရောက်လာခြင်းကိုလည်း ကြိုက်နှစ်သက်ပုံမရဟု ငယ်ပင်ငယ်ငြားသော်လည်း ဘဝပေး အခြေအနေအရ အကင်းပါးစွာဖြင့် နားလည်သဘောပေါက်မိလေသည် ။

ထို့ကြောင့် ကိုကိုချစ်ခင်လာအောင်နေရန် သူဆုံးဖြတ်လိုက်သည် ။

သူကတော့ ကိုကို့ကို ချစ်ခင်ပါသည် ။ ညအိပ်ရာဝင်ခါနီးတိုင်း ဘု

ရားရှိခိုးပြီးလျှင် မေမေနှင့် ဖေဖေ့ကို ကန်တော့သည် ။

မေမေက သူ့အား လိုက်သိပ်ပေးတော့. . .

'သမီး ကိုကို့ကို ကန်တော့ချင်တယ်'

'သွားမကန်တော့နဲ့ စိတ်ထဲကပဲ ကန်တော့လိုက် သမီးလေး ရှက်ကိုး ရှက်ကန်းနဲ့ ရန်လုပ် နေဦးမယ်၊ ကဲ အိပ်တော့ သမီးလေး မေမေဘုရား စာရွတ်ပေးမယ်နော်'

'မေမေ သွားအိပ်ပါ သမီး ဘုရားစာရွတ်ရင်း အိပ်ပါ့မယ်'

ရွှတ်ခနဲ နဖူးပေါ်သို့ မေမေ့အနမ်း နွေးနွေးကလေး ရောက် လာပြီး. . .

'ကြည့်စမ်း လိမ္မာလိုက်၊ သိတတ်လိုက်တဲ့ သမီးကလေး၊ အရွယ်နဲ့ တောင် မလိုက်ဘူးကွယ်၊ ဒါကြောင့် မေမေတို့ က ချစ်ရတာ၊ မွေးရကျိုး နပ်မယ့် သမီးလေးပါ၊ ကဲ အိပ် အိပ်'

မေမေက မျက်နှာပေါ်မှ ဆံစလေးများကို သပ်တင်ပေးလိုက်ပြီး စောင်လေးအသာအယာ လွှမ်းခြုံပေးသည် ။ သူက မေမေကျေနပ်စေရန် မျက်လုံးကို စုံမှိတ်လိုက်သည် ။

မေမေက သူ့ကျောလေးကို အသာလေးပုတ်လိုက်သောအခါ ပျော် ရွှင်သော ခံစားမှုနှင့်အတူ ထားထားဆက် အိပ်ပျော်သွားလေသည် ။

ဘဝ၌ တစ်ခါမှ မရခဲ့ဖူးသော ခံစားမှုကို အဖေ အမေ အသစ်များ ဆီက ရရှိလိုက်သော ထားထားဆက်၏ ခံစားချက်သည် ဘဝတွင် ပေးဆပ် မှုများ နှင့် ရှင်သန်ပေါက်ဖွားရလိမ့်မည်ဟု မသိ နားမလည်နိုင်ခဲ့ပါချေ။ ငယ်သေးသည် ကိုး။

သို့သော် ငယ်ပင် ငယ်ငြားသော်လည်း သူ့အတွေးကလေးများ ၌ မွေးစားမိဘနှစ်ပါး၏ ကျေးဇူးတရားကို သူပေးဆပ်ရမည်။ ဤမိဘနှစ်ပါး၏ စကားကို သူနားထောင်မည်။

သူ့ကြောင့် မိဘနှစ်ပါး စိတ်မဆင်းရဲစေရဟူ၍ ဖြစ်သည် ။

***

# အခန်း(၄)

လွန်းတင် ထားထားဆက်ကို ကြည့်မရချေ။

အဘယ်ကြောင့် ဆိုသော် ထားထားဆက်ရောက် လာပြီးမှ သူသည် ထားထားဆက်နှင့် နှိုင်းယှဉ်ခံရကာ ဖေဖေနှင့်မေမေ၏ ဆူပူဆုံးမခြင်း ကို မကြာခဏ ခံရလေသည် ။

'ကြည့်စမ်းပါဦး. . .တောကတက်လာတဲ့ ညီမလေးက အဆင့်တစ် အမြဲရတယ်။ မူကြို ကျောင်းကောင်းကောင်း တက်ပြီး အိမ်မှာ ဆရာမနဲ့ စာကျက်ခဲ့တဲ့ သူက ခုထက်ထိ အဆင့်တစ်နားကို မသီနိုင်ဘူး၊ အဆော့ မက်တာကိုး'

မေမေက အမျှင်မပြတ်ပြောလေ သူ့အကြည့်က ထားထားဆက်ပေါ် သို့ မကျေမနပ် ကျရောက် လေဖြစ်သည် ။

ဖြူဝင်းအိနေသော ထားထားဆက်၏ မျက်နှာဝိုင်းဝိုင်းလေးမှ မျက်ဝ န်းနက်လေးက သူ့အား လှမ်းကြည့်ပြီး ငိုမဲ့မဲ့ဖြစ်လာသည် ။

'ညီမလေးကို ဘာလို့ မကျေမနပ် ကြည့်နေရတာလဲ၊ သားနော် ညီမ လေးကို ရန်မလုပ်နဲ့ သားကြောင့် ညီမလေးငိုရရင် မေမေတို့ ခွင့်မလွှတ် ဘူးနော်၊ သွား လူဆိုးကလေး ရေသွားချိုး ထမင်းစားစောင့်နေကြတယ်'

'မေမေတို့ သားကိုပဲ ပြောနေကြတယ်၊ သူနဲ့ သားက တူမလား။ သူ က မိန်းကလေး မျောက်ရှုံးအောင်ဆော့လို့ ဖြစ်မလား ငြိမ်ငြိမ်နေရမှာ

ပေါ့’

သူက အလျှော့မပေးချင်။

မိဘတွေကိုလည်း နားမလည်ချင်တော့။

သားသမီးရင်းထက် မွေးစားသမီးကို ပိုချစ်ရတယ်ရယ်လို့ ။

‘ဆော့တာကို မေမေ မပြောဘူး၊ ပညာရေးကို ပြောနေတာ’

‘သားတစ်ခါမှ စာမေးပွဲ မကျဖူးဘူးလေ’

‘ဒါတော့ ဒါပေါ့ သားရယ်၊ ကဲပါ ချွေးတွေနဲ့ အအေးပတ်မယ် ချွေးသုတ်ဦး၊ လာ လာ မေမေသုတ်ပေးမယ် ရေအဝသောက်’

မေမေ့ စကားမဆုံးသေး ထားထားဆက်က လှစ်ခနဲပြေးကာ ရေတစ်ခွက်သွားခပ် လာပြီး . . .

‘ရော့ ကိုကို’

သူမယူဘဲ ပေတီးပေကတ်လုပ်နေတော့ မေမေက . . .

‘ဟဲ့ သား ယူ လိုက်လေ’

ဟု ဆိုမှ လှမ်းယူသောက်လိုက်သည် ။ အမြင်ကတ်စရာကောင်းလောက်အောင် သိတတ်သော ကောင်မလေးက သူရေသောက်ပြီးသည်အထိ စောင့်ပြီးမှ ရေခွက်ကို ပြန်စောင့်ယူသွားသည် ။

မေမေက ပြုံးပြုံး ပြုံးပြုံးနှင့်. . .

‘တွေ့လား ဘယ်လောက် သိတတ်လိမ္မာသလဲလို့ ၊ မင်းနဲ့ တခြားစီပဲ’

‘သူက မိန်းကလေးပဲ’

‘ပြောလိုက်ရင် ဒါပဲ၊ သွား ရေသွားချိုးတော့’

သူ အပေါ်ထပ်သို့ ပြေးတက်ခဲ့လေသည် ။ ကောင်မလေးကို သူချစ်သလား မချစ်ဘူးလား ဆိုတာကို သူနားမလည်။

သို့သော်. . .သူ ကျောင်းပြန်လာချိန်၌ ကောင်မလေးကို မတွေ့ရလျှင်. . .

'မေမေ မေမေ့သမီးကော'ဟု တော့ မေးတတ်သည် ။

ဆံပင်ရှည်သော ကောင်မလေးအတွက် သူတို့ ကျောင်းမှ ဖဲကြိုးစများ ၊ ကလစ်လှလှလေးများ ဝယ်လာပေးတတ်သည် ။

သူ ၅ တန်းရောက်တော့ ကောင်မလေးနှင့် ကျောင်းချင်းမတူတော့ပေ။ သူက အထက်တန်း ကျောင်းသို့ ရောက်သွားပြီး ကောင်မလေးက တော့ သူတို့ နေခဲ့သော အိမ်နားက မူလတန်းကျောင်းမှာ ပင် ကျန်ခဲ့သည် ။

'ညီမလေးကို မချစ်ဘူး၊ မချစ်ဘူးနဲ့ ဖဲကြိုးဝယ်လာရတာနဲ့ '

'ဟာ မဲပေါက်လို့ ဟာ'

ဟု သူ ရှက်ကိုးရှက်ကန်းတော့ ပြောတတ်သည် ။

သို့သော် ကောင်မလေး၏ ခေါင်းပေါ်၌ သူပေးသော ဖဲကြိုးနှင့် ကလစ်လေးများ တွေ့ရလျှင် သူ ကျေနပ်နေတတ်သည် ။

ထားထားဆက်ကို ညီမလေးဟု ဘယ်လိုသင်ပေးသင်ပေး သူမခေါ်ဘဲ. . .

'မိထား'ဟု ခေါ်ရာ. . .

'ကောင်းတာပေါ့။ မိဆိုတာ မွန်လိုအတွက် အထွက်အမြတ်နဲ့ မိန်းကလေးကို တန်ဖိုးထား ခေါ်တာ ချစ်စနိုးကလေးပေါ့ အဲဒီအတိုင်းပဲ ခေါ်

လေ’

‘ဟာ မခေါ်တော့ဘူး ထားပဲ ခေါ်တော့မယ်’

မေမေတို့ က ကောင်မလေးကို သူ့ကိုခေါ်သကဲ့သို့ ‘သား’ ‘သားလွန်း’ ‘လွန်း’နှင့် ထပ်တူ ညီစွာပင် ‘သမီး’ ‘သမီးထား’ ‘ထား’ဟု ခေါ်လေသည် ။ သူကလည်း နောက်ဆုံးတော့ ထား ဟု သာ ခေါ်လိုက်သည် ။

‘ကိုကို့ဖို့ ’

ကောင်မလေးကလည်း သူ့အား စစ်သားရုပ်၊ ကားရုပ်များ နှင့် ဂေါ်လီများကို သူကျောင်းမှ အပြန် ပေးတတ်လေသည် ။

‘ငါ့မှာ အများကြီးပဲဟာ’

ဟု မယူချင်သလို ယူချင်သလိုလိုနှင့် သူယူခဲ့လေသည် ။ သူ့ကစားစရာများ သည် ကတ်ထူ စက္ကူပုံးထဲအပြည့် ရှိနေတတ်သည် ။ မေမေက ကောင်မလေးကို မွေးစားပြီးနောက် အိမ်၌ ဒေါ်စိန် အပြင် နောက်ထပ် ရွှေစာဟူသော မိန်းမတစ်ယောက်ပါ ထပ်ခေါ်သည် ။

ဖေဖေကလည်း ဝန်ထမ်းဘဝမှ နုတ်ထွက်ပြီး ကိုယ်ပိုင်စီးပွားရေးလုပ်ငန်း လုပ်သောအခါ တစ်စတစ်စ အောင်မြင်လာသည် ။

မေမေက ကားတစ်စီးကို ကိုယ်တိုင်မောင်းပြီး စိန်ပွဲစား၊ ကျောက်ပွဲစား၊ မြေပွဲစားပါ လုပ်လာ ခဲ့လေသည် ။ ဖေဖေကော၊ မေမေကောက လက်ခံထားသည် ။

‘တို့ အိမ်မှာ သုံးစနေရှိပြီး ဗုဒ္ဓဟူးကပါ ရှိနေတော့  တို့ အိမ်မှ စီးပွားမတက် ဘယ်သူတက် မလဲ’

ဟူသော ကြွေးကြော်ချက်ကို သူ မနာလိုဖြစ်ခဲ့သည် ။

သို့သော်. . .ကောင်မလေးကို သူ မတွေ့ရ မမြင်ရလျှင်လည်း ရှာတတ်သည် ။

ထို့ကြောင့် သူငယ်ရွယ်စဉ်ကတည်းက နားလည်သည် ။ ကောင်မလေးကို အမြင်ကတတ်စွာနှင့် ချစ်ခဲ့သည် ဟု . . .။

***